# ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းနှင့် အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်း) ခွင့်ပြုထုတ်ပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် (Standard Operating Procedure –SOP)

## လိုင်စင်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်/ ကုမ္ပဏီ/ အဖွဲ့အစည်းများသို့ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း(ဒေသန္တရရေနံချက်ဖို)နှင့် အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်း (Minirefinery)အား စွမ်းအင်ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ရာ လုပ်ငန်းလုပ်ကိုင်လိုသောပုဂ္ဂလိကလုပ်ငန်းရှင်/ ကုမ္ပဏီ/ အဖွဲ့အစည်းများသည် လိုင်စင်လျှောက်ထားရယူရမည်။

၂။ လိုင်စင်လျှောက်ထားရာတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိရမည်-

(က) ရေနံချက်လုပ်ခြင်းလုပ်ငန်းသည် ရေနံလက်ယက်တွင်းများနှင့် အနည်းဆုံး ၁ မိုင်ကွာဝေးရမည်။

(ခ) ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း၏ ဧရိယာအကျယ်အဝန်းသည် အနည်းဆုံး ၃၀,၀၀၀ စတုရန်းပေရှိရမည်။ အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်း၏ ဧရိယာအကျယ်အဝန်းသည် အနည်းဆုံး ၁၇၄,၂၄၀ စတုရန်းပေရှိရမည်။

(ဂ) ရေနံချက်လုပ်ခြင်းလုပ်ငန်းသည် မဟာဓာတ်အားလိုင်းနှင့် အနည်းဆုံး ပေ ၃၀၀ ကွာဝေးရမည်။

(ဃ) ရေနံချက်လုပ်ခြင်းလုပ်ငန်းသည် လူနေအိမ်နှင့် အနည်းဆုံး ပေ ၃,၀၀၀ ကွာဝေးရမည်။

(င) ရေနံနှင့်ရေနံထွက်ပစ္စည်းသိုလှောင်ကန်များကို ရေနံစိမ်းအပူပေးမီးဖိုမှ အနည်းဆုံး ပေ ၁၀၀ အကွာအဝေးတွင် တည်ဆောက်ရမည်။

(စ) ရေနံစိမ်းအပူပေးမီးဖိုနှင့် ဆီဖြည့်တင်းသည့်နေရာ (Filling Station)၏ အကွာအဝေးသည် အနည်းဆုံး ပေ ၁၀၀ ရှိရမည်။

(ဆ) ရေနံချက်လုပ်ခြင်းလုပ်ငန်းဧရိယာသည် ဝန်ကြီးဌာနက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ကွက်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနကသတ်မှတ်ထားသော သဘာဝ

နှင့်ယဉ်ကျေးမှု အမွေအနှစ်ဒေသများ၊ သစ်တောနယ်မြေ၊ သာသနာ့မြေ၊ နိုင်ငံတော်က ကန့်သတ်တားမြစ်ထားသည့်မြေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်အရ တားမြစ်ကန့်သတ်ထားသည့် နယ်မြေဒေသတို့နှင့် ကင်းလွတ်ရမည်။

(ဇ) လူနေအိမ်များတည်ဆောက်ထားခြင်းမရှိသော စက်ရုံဝန်းဖြစ်ရမည်။

၃။ လိုင်စင်လျှောက်ထားသူသည် သက်ဆိုင်ရာဒေသဆိုင်ရာအာဏာပိုင်၏ သဘောထားမှတ်ချက်နှင့်အတူ အောက်ဖော်ပြပါအချက်အလက်အထောက်အထားများဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ လိုင်စင်လျှောက်ထားရမည်-

(က) လိုင်စင်လျှောက်ထားသူ၏ အမည်၊ လိပ်စာနှင့် တယ်လီဖုန်းနံပါတ်၊ ကုမ္ပဏီ/ အဖွဲ့အစည်းဖြစ်ပါက ကုမ္ပဏီ/ အဖွဲ့အစည်းဖွဲ့စည်းတည်ထောင်မှုသက်သေခံလက်မှတ် (မိတ္တူ)၊

(ခ) ရေနံချက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်မည့် တည်နေရာနှင့်အကျယ်အဝန်း၊ ပတ်ဝန်းကျင်အနေအထား၊

(ဂ) အသုံးပြုမည့်ကုန်ကြမ်းရေနံစိမ်း ဝယ်ယူရရှိနိုင်မည့်အစီအစဉ်၊

(ဃ) ရေနံချက်လုပ်ရာတွင်အသုံးပြုမည့် လောင်စာအမျိုးအစား၊

(င) "မ"တည်ငွေရင်းပမာဏနှင့် လုပ်ငန်းဆောင်ရွက်ရန် ငွေကြေးခိုင်မာမှုအထောက်အထား၊

(စ) တစ်ရက်လျှင် ချက်လုပ်နိုင်သည့် စုစုပေါင်းရေနံစိမ်းဂါလန်ပေါင်း (Total Design Capacity)၊ ချက်လုပ်ထွက်ရှိလာမည့် ရေနံထွက်ပစ္စည်းအမျိုးအစားပမာဏ၊ သိုလှောင်နိုင်မှုပမာဏနှင့် ဖြန့်ဖြူးမည့်အစီအစဉ်၊

(ဆ) မီးဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ် မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်၊

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘောထားမှတ်ချက်၊

(ဈ) ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းဖြစ်လျှင် လုပ်ငန်းခွင်တစ်ခုလုံး၏ စကေးကိုက်အကွက်ချပုံစံ (Layout Plan)နှင့် ချက်ဖိုတစ်ဖိုချင်းစီအတွက် အသေးစိတ်ဒီဇိုင်းပုံစံ (Detailed Design Drawing)၊ အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်းဖြစ်လျှင် ချက်လုပ်နိုင်မှုအသေးစိတ်ဒီဇိုင်းပုံစံ၊ လုပ်ငန်းခွင်တစ်ခုလုံး၏ စကေးကိုက်အကွက်ချပုံ (Layout Plan)နှင့် ချက်လုပ်မှုနည်းစဉ်ပြပုံ (Detailed Process Flow Diagram – PFD)၊

(ည) အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်းဖြစ်ပါက−

(၁) လုပ်ငန်းတွင်တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းကိရိယာများစာရင်း (Equipment List)၊

(၂) ရေရယူအသုံးပြုမည့်အစီအစဉ်၊

(၃) လျှပ်စစ်ဓာတ်အားရယူသုံးစွဲမည့်အစီအစဉ်၊

(၄) ချက်လုပ်ထွက်ရှိမည့် ရေနံထွက်ပစ္စည်းများ၏အရည်အသွေး၊

(၅) ဓာတုဗေဒစွန့်ပစ်ပစ္စည်းနှင့် ရေဆိုးများသန့်စင်မည့်အစီအစဉ်၊

(၆) အသုံးပြုမည့်ဓာတုပစ္စည်း (Chemicals) များ။

(ဋ) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက လိုအပ်ချက်အရတောင်းခံသည့် အခြားအထောက်အထားများ။

၄။ ရေနံချက်လုပ်ခြင်းလုပ်ငန်းတွင်အသုံးပြုမည့် ကုန်ကြမ်းရေနံစိမ်းနှင့် ယင်းလုပ်ငန်းမှချက်လုပ်ထွက်ရှိသည့်ဆီများကို သိုလှောင်မည့်သိုလှောင်ကန်၊ သိုလှောင်ရုံများအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနကထုတ်ပေးသည့် သိုလှောင်ခွင့်လိုင်စင်ကို ရယူတင်ပြရမည်။

၅။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အပိုဒ်(၃)အရ လိုင်စင်လျှောက်ထားမှုအပေါ် ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းနှင့်အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်းဆိုင်ရာအမိန့်၊ အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၁၉ ပါသတ်မှတ်ချက်များ၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးမှ သတ်မှတ်ထားသောနည်းပညာပိုင်းဆိုင်ရာ စည်းကမ်းချက်များနှင့် ကိုက်ညီခြင်း ရှိ−မရှိ စိစစ်ရမည်။

၆။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အပိုဒ် (၅)အရ စိစစ်ရာတွင်−

(က) အချက်အလက်အထောက်အထားပြည့်စုံပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ စီမံခန့်ခွဲမှုကော်မတီသို့တင်ပြ၍ အပိုဒ် ၃ (ဈ)ပါတင်ပြထားသော ချက်လုပ်နိုင်မှုအသေးစိတ်ဒီဇိုင်းပုံစံ (Detailed Design Drawing) အား ခွင့်ပြု− မပြု ဆုံးဖြတ်ချက်ရယူရမည်။

(ခ) အချက်အလက်အထောက်အထားပြည့်စုံမှုမရှိပါက အကျိုးအကြောင်းဖော်ပြ၍ လိုင်စင်လျှောက်ထားသူထံသို့ ကြန့်ကြာမှုမရှိစေဘဲ လိုအပ်ချက်များတောင်းခံရမည်။

(ဂ) တောင်းခံထားသည့် လိုအပ်သည့်အချက်အလက်အထောက်အထားများ ပြည့်စုံစွာ ပြန်လည်တင်ပြပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ စီမံခန့်ခွဲမှုကော်မတီသို့တင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည်။

၇။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ စီမံခန့်ခွဲမှုကော်မတီမှ ရေနံချက်လုပ်ခြင်းလုပ်ငန်းတွင်အသုံးပြုမည့် အပိုဒ် ၃ (ဈ)ပါ တင်ပြထားသော ချက်လုပ်နိုင်မှုအသေးစိတ်ဒီဇိုင်းပုံစံ (Detailed Design Drawing) တင်ပြပါဒီဇိုင်းအား ခွင့်ပြုကြောင်းဆုံးဖြတ်ပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် လိုင်စင်လျှောက်ထားသူထံသို့စာဖြင့် အကြောင်းကြားရမည်။

၈။ လိုင်စင်လျှောက်ထားသူသည် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အကြောင်းကြားစာရရှိပြီးမှ ရေနံချက်လုပ်ခြင်းလုပ်ငန်းအတွက် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရယူတည်ဆောက်ရမည်။

၉။ ရေနံချက်လုပ်ခြင်းလုပ်ငန်း တည်ဆောက်နေစဉ်အတွင်း ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက စိစစ်ခွင့်ပြုထားသည့် ဒီဇိုင်းအတိုင်းဆောက်လုပ်ခြင်း ရှိ- မရှိ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ပေးအပ်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးရမည်။

၁၀။ ရေနံချက်လုပ်ခြင်းလုပ်ငန်းအတွက် တည်ဆောက်ရေးလုပ်ငန်းလုပ်ကိုင်နေသည့် လိုင်စင်လျှောက်ထားသူသည် တည်ဆောက်ပြီးစီးကြောင်းကို ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့စာဖြင့် တင်ပြရမည်။ အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်းဖြစ်ပါက ပိုက်လိုင်းသွယ်တန်းမှုနှင့်ထုတ်လုပ်မှု စက်ကိရိယာပစ္စည်းများဆက်စပ်မှုပြသည့်ပုံ (Piping and Instrumentation Diagram – P&I Diagram)ကို ပူးတွဲတင်ပြရမည်။

၁၁။ အပိုဒ် ၁၀ အရ တင်ပြလာပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့သည် ဌာနမှစိစစ်ခွင့်ပြုထားသော လုပ်ငန်းခွင်တစ်ခုလုံး၏ စကေးကိုက်အကွက်ချပုံ (Layout Plan)နှင့် ချက်လုပ်မှုနည်းစဉ်ပြပုံ (Detailed Process Flow Diagram – PFD)၊ ပိုက်လိုင်းသွယ်တန်းမှုနှင့် ထုတ်လုပ်မှုစက်ကိရိယာပစ္စည်းများဆက်စပ်မှုပြသည့်ပုံ (Piping and Instrumentation Diagram – P&I Diagram) များအတိုင်း တည်ဆောက်ထားခြင်း ရှိ-မရှိ ကွင်းဆင်းစစ်ဆေးရမည်။ ကွင်းဆင်းစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များကို ဝန်ကြီးဌာနသို့တင်ပြရမည်။

၁၂။ ဝန်ကြီးဌာနသည် စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်များကို စိစစ်ပြီး-

(က) သတ်မှတ်ချက်များနှင့်ကိုက်ညီပါက လိုင်စင်ထုတ်ပေးရမည်။

(ခ) သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိပါက လိုအပ်ချက်များအား အကျိုးအကြောင်းဖော်ပြပြီး ငြင်းပယ်နိုင်သည်။

၁၃။ လိုင်စင်လျှောက်ထားသူသည် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသောအချက်များကို ပြင်ဆင်တည်ဆောက်ပြီး ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ပြန်လည်တင်ပြနိုင်သည်။

၁၄။ အပိုဒ် ၁၃ အရ ပြန်လည်တင်ပြလာပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် လိုင်စင်ထုတ်ပေးနိုင်ရန် အပိုဒ် ၁၁ ပါအတိုင်း ဆောင်ရွက်ရမည်။

၁၅။ ဝန်ကြီးဌာနသည် လိုင်စင်ထုတ်ပေးရန်ဆုံးဖြတ်ပါက လိုင်စင်လျှောက်ထားသူကို သတ်မှတ် လိုင်စင်ကြေးပေးသွင်းစေပြီး ရေနံချက်လုပ်ခြင်းလုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။ ဒေသန္တရရေနံ ချက်လုပ်ခြင်းလုပ်ငန်းလိုင်စင်သက်တမ်းသည် ၁ နှစ်ဖြစ်ပြီး အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်း လိုင်စင်သက်တမ်းသည် ၂ နှစ် ဖြစ်သည်။

၁၆။ ဝန်ကြီးဌာနသည် လိုင်စင်သက်တမ်းတိုးမြှင့်ခြင်း၊ လိုင်စင်ပယ်ဖျက်ခြင်း၊ လိုင်စင်စည်းကမ်းချက် များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကိုပြုနိုင်သည်။

## လိုင်စင်သက်တမ်းတိုးခြင်း

၁။ လိုင်စင်ရရှိသူသည် လိုင်စင်စတင်ခွင့်ပြုထုတ်ပေးသည့်ရက်မှစတင်၍ လိုင်စင်သက်တမ်း မကုန်ဆုံးမီ ၃လအတွင်းလိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ပိုင်ရှင်၏ ကိုယ်တိုင်ရေးလျှောက်လွှာမူရင်း၊

(ခ) လိုင်စင်ရရှိသူ၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် မိတ္တူ၊ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ မှတ်ပုံတင်မူရင်းနှင့်မိတ္တူ၊

(ဂ) မြေစာရင်းပုံစံ(၁၀၅)/(၁၀၆) နှင့် မြေပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းနှင့်မိတ္တူ၊

(ဃ) သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏လုပ်ငန်းလိုင်စင်မူရင်းနှင့်မိတ္တူ၊

(င) သက်ဆိုင်ရာမြို့နယ် မီးသတ်ဦးစီးဌာန၏ထောက်ခံချက်မူရင်းနှင့်မိတ္တူ၊

(စ) သက်ဆိုင်ရာမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်မူရင်းနှင့်မိတ္တူ၊

(ဆ) ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း/ အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်းလိုင်စင် မူရင်းနှင့်မိတ္တူ၊

( ဇ) သတ္တုတွင်းဦးစီးဌာန၏သက်တမ်းတိုးပြီး စက်သုံးဆီသိုလှောင်ခွင့်လိုင်စင်မူရင်းနှင့်မိတ္တူ၊

( ဈ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ထောက်ခံချက်မူရင်းနှင့်မိတ္တူ။

၂။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းနှင့် အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်းလိုင်စင် ခွင့်ပြုထုတ်ပေးနိုင်ရန် ကွင်းဆင်းစစ်ဆေးစိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိလျှင် လိုင်စင်သက်တမ်းတစ်နှစ်တိုးမြှင့်ပေးနိုင်မည်။

## ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက်ခြင်း

၁။ ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက်လိုလျှင် လုပ်ငန်းဆောင်ရွက်ခြင်းမပြုမီ ကြိုတင်လျှောက်ထားရမည်။ ကြိုတင်လျှောက်ထားမှုမပြုဘဲခွင့်ပြုချက်မရမီ ကြိုတင်တည်ဆောက်ခြင်းလုံးဝမပြုရ။

၂။ ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက်ခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ တစ်ဆင့် စွမ်းအင်ဝန်ကြီးဌာနသို့ လျှောက်ထားရမည်–

(က) ပိုင်ရှင်၏ ကိုယ်တိုင်ရေးလျှောက်လွှာမူရင်း၊

(ခ) ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)/ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ မှတ်ပုံတင်မူရင်းနှင့်မိတ္တူ၊

(ဂ) မြေစာရင်းပုံစံ(၁၀၅)/(၁၀၆) နှင့် မြေပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းနှင့်မိတ္တူ၊

(ဃ) ပြင်ဆင်ပြောင်းလဲတိုးချဲ့လိုကြောင်းတင်ပြသည့်အတိုင်းရေးဆွဲထားသည့် Layout Plan, Detailed Design Drawing မူရင်း၊

(င) မူလအတည်ပြုထားသည့် Layout Plan, Detailed Design Drawing မူရင်းနှင့်မိတ္တူ၊

(စ) ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း/ အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်းလိုင်စင် မူရင်းနှင့် မိတ္တူ၊

(ဆ) သတ္တုတွင်းဦးစီးဌာန၏ သက်တမ်းတိုးပြီး စက်သုံးဆီသိုလှောင်ခွင့်လိုင်စင်မူရင်းနှင့်မိတ္တူ၊

(ဇ) သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏လုပ်ငန်းလိုင်စင်မူရင်းနှင့်မိတ္တူ၊

(ဈ) သက်ဆိုင်ရာမြို့နယ် မီးသတ်ဦးစီးဌာန၏ထောက်ခံချက်မူရင်းနှင့်မိတ္တူ၊

(ည) သက်ဆိုင်ရာမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်းထောက်ခံချက် မူရင်းနှင့်မိတ္တူ၊

(ဋ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ထောက်ခံချက်မူရင်းနှင့်မိတ္တူ၊

(ဌ) ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်။

## ပိုင်ရှင်အမည်ပြောင်းလဲခြင်း

၁။ ပိုင်ရှင်အမည်ပြောင်းလဲခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်း အထောက်အထားများပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှတစ်ဆင့် စွမ်းအင်ဝန်ကြီးဌာနသို့ လျှောက်ထားရမည်-

(က) မူလပိုင်ရှင်နှင့် အမည်ပြောင်းလဲလိုသည့် ပိုင်ရှင်တို့လက်မှတ်ရေးထိုးထားသည့် လျှောက်လွှာမူရင်း၊

(ခ) မူလပိုင်ရှင်နှင့် အမည်ပြောင်းလဲလိုသည့် ပိုင်ရှင်တို့၏နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့်မိတ္တူ/ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏မှတ်ပုံတင်မူရင်းနှင့်မိတ္တူ၊

(ဂ) မြေစာရင်းပုံစံ(၁၀၅)/(၁၀၆) နှင့် မြေပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းနှင့်မိတ္တူ၊

(ဃ) ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း/ အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်းလိုင်စင် မူရင်းနှင့်မိတ္တူ၊

(င) အမည်ပြောင်းလဲလိုသည့် ပိုင်ရှင်၏အမည်ဖြင့် ခွင့်ပြုထုတ်ပေးထားသော သတ္တုတွင်း ဦးစီးဌာန၏ သက်တမ်းတိုးပြီး စက်သုံးဆီသိုလှောင်ခွင့်လိုင်စင်မူရင်းနှင့်မိတ္တူ၊

(စ) မူလပိုင်ရှင်နှင့် အမည်ပြောင်းလဲလိုသည့် ပိုင်ရှင်တို့၏နှစ်ဦးသဘောတူအရောင်းအဝယ် စာချုပ်မူရင်းနှင့်မိတ္တူ၊

(ဆ) မူလပိုင်ရှင်နှင့်သက်ဆိုင်သည့် သက်ဆိုင်ရာမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်မူရင်းနှင့်မိတ္တူ။

## ပျက်စီး၊ ပျောက်ဆုံး၍ မိတ္တူမှန်လျှောက်ထားခြင်း

၁။ လိုင်စင်ပျက်စီး၊ ပျောက်ဆုံး၍ မိတ္တူမှန်ထုတ်ယူခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ပိုင်ရှင်၏ ကိုယ်တိုင်ရေးလျှောက်လွှာမူရင်း

( ခ) ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူ/ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ မှတ်ပုံတင်မူရင်းနှင့်မိတ္တူ၊

( ဂ) မြေစာရင်းပုံစံ(၁၀၅)/(၁၀၆) နှင့် မြေပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းနှင့်မိတ္တူ၊

(ဃ) ပျက်စီး/ပျောက်ဆုံးကြောင်းပိုင်ရှင်၏ခံဝန်ကတိမူရင်း၊

( င) သက်ဆိုင်ရာနယ်မြေရဲစခန်းထောက်ခံစာမူရင်း၊

(စ) သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်မူရင်း၊

(ဆ) ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း/ အသေးစားရေနံချက်လုပ်ခြင်းလုပ်ငန်း လိုင်စင် မိတ္တူ၊

(ဇ) သတ္တုတွင်းဦးစီးဌာန၏ သက်တမ်းတိုးပြီး စက်သုံးဆီ သိုလှောင်ခွင့်လိုင်စင်မူရင်းနှင့် မိတ္တူ၊

၂။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ပျက်စီး၊ ပျောက်ဆုံး၍ မိတ္တူမှန်လျှောက်ထားလာမှုအားစိစစ်၍ သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိပါက မိတ္တူမှန်ထုတ်ပေးမည်။